ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ စနေနေ့၊ (12-7-2008) (၅၇၃၇)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၁

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေးကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေး ပထမနေ့အစီအစဉ်များကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ၏ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေး၌ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသ ဖတ်ကြားတော်မူသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပွဲဦးထွက်ပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဘောလုံးအားကစားနည်းသည် တစ်မျိုးသားလုံး စိတ်ဝင်စားဆုံးအားကစားနည်းဖြစ်
မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး စီမံချက်များချမှတ်ဆောင်ရွက်နေ
၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

နေပြည်တော် ဇူလိုင် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အားပေးချီးမြှင့်သည်။

အဆိုပါ ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီး များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီး ဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့် အမှတ်(၁) နေပြည်တော် အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသည် ဒုတိယအကြိမ်အဖြစ် နေပြည်တော်၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲဖြစ်ပြီး ဝန်ကြီးဌာနပေါင်း ၃၅ ခု ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဒီပြိုင်ပွဲသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ရည်ရွယ်ချက်(၃)ရပ် ချမှတ်ပြီး ကျင်းပသောပြိုင်ပွဲဖြစ်ကြောင်း၊ National Fitness အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာ မိမိတို့တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေး စသော ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းအားကစားသမားအားလုံး ရည်ရွယ်ချက်(၃)ရပ် ပြည့်မြောက်အောင်မြင်ရေးအတွက် အလေးထား ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို၊ရေရှည် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်"**ဆိုသည့် မြင့်မားပြီး တိကျပြတ်သားတဲ့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတည်ပြုချိန် ၃း၃၀

ကြေးမုံ The Mirror

၁၂-၇-၂၀၀၈
(စနေနေ့)

စေတနာရှင်၊ အလှူရှင်များ ပံ့ပိုးဖြည့်ဆည်း ဒေသခံပြည်သူများ စီးပွားရေး တိုးတက်ဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စေတနာရှင်၊ အလှူရှင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပါဝင်ကြိုးပမ်းမှုဖြင့် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

လေဘေးသင့်၍ အိုးအိမ်မဲ့ဖြစ်သွားကြသူများအတွက် မူလအနေအထားထက် သာလွန်ကောင်းမွန်သော နေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည်။ ဆောက်လုပ်ပြီးနေအိမ်များတွင် ပြန်လည်နေထိုင်လျက်ရှိသော မိသားစုများ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လျက်ရှိသည်။ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်ဝင်၍ မိုးစပါးများ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသတစ်ခုဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ်တွင် မိုးစပါးဧက တစ်သိန်းကျော် စိုက်ပျိုးရန်လျာထားသည့်အနက် ဧကကိုးသောင်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။ အချို့ကျေးရွာ လယ်ယာမြေများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ပူးပေါင်း၍ မိုးစပါးများ အချိန်မီ စိုက်ပျိုးပြီးစီးရေး စုပေါင်းထွန်ယက် စိုက်ပျိုးလျက်ရှိသည်။

အလားတူ ရေလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဖိုင်ဘာလှေများ၊ ငါးဖမ်းစက်လှေများ၊ ငါးဖမ်းပိုက်အမျိုးမျိုး၊ အင်ဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို ရေလုပ်သားများသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထို့နည်းတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသရှိ ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေ ၁၄၄ စင်း၊ ငါးဖမ်းပိုက်မျိုးစုံ ၃၆၉၉လက်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကွန် ၃၁၂ လက်၊ ရင်တွန်းအလက် ၃၀၀၊ ကွင်းတားပိုက်အရှည် ၂၀၀နှင့် အတို ၂၀၀တို့ကို လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်း စီမံပေးမှု၊ စေတနာရှင်၊ အလှူရှင်၊ တိုင်းရင်းသား လုပ်ငန်းရှင်များ ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုတို့ဖြင့် လေဘေးသင့်ဒေသ ပြည်သူများအတွက် နေအိမ်များ၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့အတွက် လုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများအားလုံးက မိမိတို့၏ စီးပွားရေးလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်စေရန် ဇွဲလုံ့လ အားမာန်အပြည့်အဝဖြင့် ကြိုးပမ်းလုပ်ကိုင် သွားကြရမည် ဖြစ်ပါသည်။ ။

ပဲခူးမြို့မင်္ဂလာရာမကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၁

ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ အလင်းရောင်(၁) မင်္ဂလာရာမ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၌ (ဝါဆိုလပြည့်ကျော် ၁ရက်) ဇူလိုင် ၁၈ရက် ညနေ ၃ နာရီတွင် ကျောင်းသား၊ကျောင်းသူ ၁၃၀၀ နှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဒါယကာ၊ ဒါယိကာမများအနေဖြင့် လှူဒါန်းလိုပါက ဖုန်း-၀၅၂-၂၁၄၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ ဦးတင်စိန်အား ရည်စူး၍ မရမ်းကုန်းမြို့နယ် ၇-မိုင် အောင်တေဇလမ်း ကုန်းမြင့်ရိပ်သာနေ ဒေါ်ထွေးထွေးခင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ-နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရှုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂)စက်မှုဝန်ကြီးဌာန အခြေခံသင်တန်းဆင်းပွဲကျင်းပ

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း Computer Aided Design (CAD) &Computer Aided Manufacturing (CAM) အခြေခံသင်တန်း အမှတ်စဉ်(၆/၂၀၀၈)သင်တန်းဆင်းပွဲနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သည့် ဝန်ထမ်းသား သမီးများအား ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၂)

နေပြည်တော် ဇူလိုင် ၁၁

အမှတ်(၂)စက်မှုဝန်ကြီးဌာနကဖွင့်လှစ်သည့် Computer Aided Design (CAD)&Computer Aided Manufacturing (CAM) အခြေခံသင်တန်းအမှတ်စဉ် (၆/၂၀၀၈) ဆင်းပွဲနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၉ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအနက် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရရှိသူ လေးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ သုံးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သူ ဝန်ထမ်းသားသမီး တစ်ဦးအားလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၃ ဦးတို့ကိုယ်စား ဌာနတာဝန်ရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့

နေပြည်တော် ဇူလိုင် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူ့အရင်းအမြစ်နှင့် လူမှုလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yin Weimin ၏ ဖိတ်ကြားချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက်မှ ဇွန် ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၂၃ ရက်တွင် ပေကျင်းမြို့၌ လူ့အရင်းအမြစ်နှင့်လူမှုလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဝန်ထမ်းရေးကိစ္စရပ်များဖြစ်သော စစ်ဆေးရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးရာကိစ္စများကို ဆွေးနွေး၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားအုပ်ချုပ်ရေး တက္ကသိုလ်သို့ သွားရောက်လေ့လာ ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရှန်ရှီးပြည်နယ် စီအန်မြို့၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၊ ယူနန်ပြည်နယ် ကူမင်းမြို့များသို့ သွားရောက်ပြီး ပြည်နယ်/ဒေသ အုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဝန်ထမ်းရေးရာဌာန အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ရှိစဉ် တရုတ်-အာဆီယံ လူ့သားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အခြေစိုက်ဌာနသို့ သွားရောက်လေ့လာ၍ ဆွေးနွေးခဲ့ပြီး ယူနန်ပြည်နယ် ကူမင်းမြို့၌ ပြည်နယ်အုပ်ချုပ်ရေးတက္ကသိုလ်သို့လည်း သွားရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ပေကျင်းမြို့၌ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်နှင့်လည်းကောင်း၊ ကူမင်းမြို့၌ မြန်မာကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးညီထွန်း၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဦးနေဝင်းတို့ ပြန်လည် လိုက်ပါလာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ စက်တင်ဘာ ၂၁ ရက်၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ကိုရီးယားသမ္မတနိုင်ငံ သံရုံးက ကြီးမှူး၍(၁၄)ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ 14th Test of Proficiency in Korean (TOPIK)ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ စက်တင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)တွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကို Elementary (Level 1&2), Intermediate (Level 3 & 4), Advanced (Level 5 & 6) ဟူ၍ အဆင့်သုံးဆင့် ခွဲခြားထားသည်။

ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအားလုံးတွင် Vocabulary, Grammar, Writing, Listening နှင့် Reading တို့ ပါဝင်မည်ဖြစ်သည်။

လျှောက်လွှာပုံစံများကို ရန်ကုန်မြို့ ကိုရီးယားသမ္မတနိုင်ငံ သံရုံး၌ ဇူလိုင် ၁ ရက်မှ စတင်ရယူနိုင်ပြီး လျှောက်လွှာပုံစံကို ဖြည့်စွက်၍ Application Fee ကျပ်တစ်သောင်းနှင့်အတူ ဇူလိုင် ၁၅ရက်ထက်နောက် မကျစေဘဲတင်ပြလျှောက်ထားနိုင်သည်။

စာမေးပွဲကျင်းပမည့်နေရာများမှာ ရန်ကုန်မြို့အတွက် Myanmar Info Tech နှင့် မန္တလေးမြို့အတွက်Great Wall Hotel ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ကိုရီးယားသမ္မတနိုင်ငံ သံရုံး ဖုန်း-၅၂၇၁၄၂-၄ အမှတ်(၉၇) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဝါဆိုလပြည့်နေ့ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဇူလိုင် ၁၁

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်(ဓမ္မစကြာနေ့) ဇူလိုင် ၁၇ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း၏ (၁၀၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၃၆သိန်းဖိုးရှိ သောက်ရေသန့်ဘူးပေါင်း လေးသောင်းကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။

ယနေ့အထိ သောက်ရေသန့်ဘူးပေါင်း ကိုးသိန်းခုနစ်သောင်းတို့ လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံးငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆ နှင့် ဖုန်း-၃၈၃၅၁၁(လိုင်းခွဲ ၁၇၁)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့် မကွေးတက္ကသိုလ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၁

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် မကွေးတပ်နယ် အောင်နိုင်ဟိန်းခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတပ်နယ်ရှိ ခြံစည်းရိုး ကြက်ဆူပင် စိုက်ခင်းများ၊ နှမ်းနှင့် မြေပဲစိုက်ခင်းများ ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့၏ ၂၀၀၈-၂၀၀၉ ခုနှစ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ရောက်ရှိရာ တိုင်းဦးစီးဌာနမှူး ဦးပေါ်လွင်က မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်ချောင်းအင်းအိုင်များ၌ ငါးသယံဇာတပေါကြွယ်ဝစေရန် ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ငါးသန်ကောင်ရေ ၁၃ ဒသမ ၅ သိန်း၊ ငါးမှုန် ၂၃၅ သိန်း၊ စုစုပေါင်း ၂၄၈ ဒသမ ၅ သိန်းမျိုး စိုက်ခဲ့သည့်အခြေအနေ၊ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ငါးသန် ၁၁ ဒသမ ၅ သိန်းနှင့် ငါးမှုန် ၃၅၅ သိန်း စုစုပေါင်း ၃၆၆ ဒသမ ၅ သိန်းအား မျိုးစိုက် ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည်ဧရာဝတီမြစ်အတွင်း သို့ ငါးသားပေါက်များအား မျိုးစိုက် ထည့်ပေးကြပြီး တက်ရောက်လာကြ သည့် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ငါးသားပေါက် များအား မျိုးစိုက်ထည့်ပေးကြသည်။ ဧရာဝတီမြစ်အတွင်းသို့ ငွေရောင် ငါးကြင်း၊ ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း အစရှိသည့် ငါးသန်ကောင်ရေ ရှစ် သိန်းအား မျိုးစိုက်ထည့်သွင်းပေးကြ ကြောင်းသိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲသို့ သွားရောက်ကြပြီး ရှေးဦးစွာ ဗိုလ်ချုပ် ခင်ဇော်က အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၏ ပျိုးပင်များစိုက်ပျိုးနေ မှုများကို လှည့်လည်ကြည့်ရှုအားပေး သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)စက်မှု ဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်း၏ အလူမီနီယံဝါယာကြိုး ထုတ်လုပ်မှုစက်ရုံ စီမံကိန်း(မကွေး) သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် သင်ကြားရေး ဆေးရုံ(မကွေး)သို့ရောက်ရှိရာ ဆေးရုံ အုပ်ကြီး ဒေါက်တာသန်းဦးက လိုက်လံရှင်းလင်းတင်ပြ၍ ဗိုလ်ချုပ် ခင်ဇော်က ဆေးကုသမှုခံယူ နေသော လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ကာ အားပေးစကား ပြော ကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် တောင်သူ ဦးထွန်း ဝင်း၏ နှမ်းနှင့် မြေပဲ တစ်မိုးနှစ်သီး စံပြ ငါးဧကစိုက်ခင်းသို့ ရောက်ရှိ၍ နှမ်းမျိုးစေ့များ ခင်းကျင်းပြသထားမှု နှင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ် ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ ကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးမြို့၏ ၂၀၀၈-၂၀၀၉ ခုနှစ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးစဉ်။
(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးမြို့ မြို့ရှောင်လမ်း ပတ်ဝန်း ကျင်ရှိ မကွေးတိုင်း စည်ပင်သာယာ ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူ ပင် ရှစ်ဧကစိုက်ခင်း၌ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှု၊ ကြက်ဆူသီးမှည့်နှင့် ကြက်ဆူစေ့များ ခင်းကျင်းပြသထား မှု၊ မြို့ရှောင်လမ်း ပတ်ဝန်းကျင်ရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက် ဆူပင်စိုက်ခင်းများကို လှည့်လည် ကြည့်ရှုပြီး ခြံစည်းရိုးကြက်ဆူပင် စိုက် ခင်း စီမံကိန်းရှုရပ် မျှော်စင်ဆောင်မှ စိုက်ခင်းများ ရှင်သန်ကြီးထွားနေမှု တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ ရောက်ရှိကြပြီး အစည်း အဝေးခန်းမ၌ မကွေးတိုင်းအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မကွေးတိုင်း ဒေသဝမ်းစာ ဖူလုံရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်၊ မျိုးကောင်းမျိုး သန့်သုံးစွဲရေး၊ စနစ်တကျစိုက်ပျိုး နည်းစနစ်သုံးစွဲရေး၊ ရေကိုအကျိုး ရှိစွာ အသုံးချနိုင်ရေး နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုး ရေးအတွက် ဒေသအလိုက် စိုက်ပျိုး မြေများ တိုးချဲ့စိုက်ပျိုးသွားကြရန်၊ ကမ္ဘာနှင့်တစ်ဝန်း ကြုံတွေ့နေရသော စက်သုံးဆီအခက်အခဲ ဖြေရှင်းနိုင် ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်သည့် ခြံ စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေး၊ မြန်မာပြည်အလယ်ပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးအတွက် တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက် သွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်းမှ ထွက်ခွာလာရာ ညပိုင်း တွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိသည်။

(သတင်းစဉ်)

တရားသူကြီးချုပ်ဦးအောင်တိုး တရားရုံးများစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

တရားသူကြီးချုပ် ဦးအောင်တိုးသည် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်၊ ညွှန်ကြားရေးမှူး ဦးအုန်းကျော်၊ တိုင်းတရားသူကြီး ဦးလှမောင်တို့နှင့် အတူ ဇူလိုင်၅ရက်က ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်းရှိ ဒေးဒရဲမြို့နယ် တရားရုံး၊ ဘိုကလေးမြို့နယ်တရားရုံး၊ ဖျာပုံခရိုင်တရားရုံး၊ ဖျာပုံမြို့နယ် တရားရုံးများကိုလည်းကောင်း၊ ဇူလိုင် ၆ရက်တွင် ကျိုက်လတ်မြို့နယ်တရားရုံး ကိုလည်းကောင်း သွားရောက်၍ လေမုန်တိုင်း တိုက်ခတ်မှုကြောင့် တရားရုံးများ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြား ကာ တရားစီရင်ရေး လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင် ရေး မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။

(၅၄၀)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၁

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေ စိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၂၀ ဒသမ ၄၆၄ တန်နှင့် ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၄ ဒသမ ၃၁၈ တန်တို့သည် ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက ဆက်လက်လှူဒါန်း လျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်း မြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန် ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာန သို့ ဇူလိုင် ၁၀ ရက်က လာရောက် လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေး ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ဦးအောင်ကိုကို နှင့် ဒေါ်နီလာသွင်မိသားစု (ဒဂုံမြို့ သစ်မြောက်ပိုင်းမြို့နယ်)က ငွေကျပ် ငါးသောင်း၊ ကွယ်လွန်သူ ဗိုလ်မှူးကြီး မောင်မောင်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်ခင်ကြူကြူနှင့် သား၊ သမီး မြေးမိသားစု (ဦးဝိစာရအိမ်ရာ) က ငွေကျပ်၁၀ သိန်း၊ ကွယ်လွန်သူ ဖခင် ဦးချွန်အား ရည်စူး၍ ဇနီး ဒေါ်ကြည်၊ သား မောင်အုန်းမောင်၊ သမီး မအေး မြင့်၊ မအေးသန်း၊ မအေးလှ၊ မချိုချို အေး မိသားစု(လမ်းမတော်မြို့နယ်) က စက်မပါ ငါးဖမ်းစက်လှေတစ်စင်း အတွက် ငွေကျပ်နှစ်သိန်း၊ ဦးသန်းလှ နှင့် ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးမြင့် (ငြိမ်း)မိသားစု (အင်းစိန်မြို့နယ်)က အမြဲတမ်း အိမ်တစ်လုံးအတွက် ငွေ ကျပ်ခြောက်သိန်း၊ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀ နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနက ယူရို ၆၅၁၄၀ ဒသမ ၂၇တို့ ဖြစ်သည်။

ဇူလိုင် ၁၀ ရက်တွင် လက်ခံ ရရှိသည့် အလှူငွေ စုစုပေါင်းမှာ ကျပ် ၃၁၈၅၀၀၀၀ နှင့် ယူရိုငွေ ၆၅၁၄၀ ဒသမ ၂၇ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေ့ကျင့်ရေးကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယ ပူဇော်ပွဲကို ဩဂုတ် ၁၀ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ အထိ အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ဆက်သွယ် ဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သား၊ သမီးများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၉ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရုံး၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်မြင့်မြင့်ထွန်းက ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (၃၀၇)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၁

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်) ၏ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် စမ်းချောင်း မြို့နယ် မြေနီကုန်းလမ်း ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်း၌ ဆက်ကပ်လှူဒါန်းမည် ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ် သားများ ကြွရောက် ဆက်ကပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ဆက်ကပ်လိုသော ဝါဆို သင်္ကန်းနှင့် အလှူငွေများကို ဦးရဲမြင့် ဖုန်း-၀၉ ၅၀ ၃၀၂၄၅၊ ဦးအေးအောင် ၀၁ ၅၃၅၉၆၇၊ဒေါ်ခင်ခင်မြ ၀၉ ၂၀ ၀၆၃၄၁၊ဒေါ်မြင့်သီ ၀၉ ၅၁ ၂၀၂၇၇ နှင့် နီးစပ်ရာ အလုပ်အမှုဆောင် အဖွဲ့ဝင်များထံသို့ ကြိုတင်အကြောင်းကြား လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဦးတည်ချက်ကိုချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ-

"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"

"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်"

"အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကိုဖော်ပြသည်"

ဆိုသော ခံယူချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည်လည်း တစ်မျိုးသားလုံး စိတ်ဝင်စားဆုံး အားကစားနည်းဖြစ်တာနှင့်အညီ မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း။

ထို့အတူ လူအများစုပါဝင်ကစားသော လူထုဘောလုံးအားကစားမှ အဆင့်မြင့် ကျွမ်းကျင်သူများပါဝင်သော ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ဘောလုံးပြိုင်ပွဲသည် ဝန်ထမ်းများအဆင့် လူထုဘောလုံးအားကစား ပြိုင်ပွဲပင်ဖြစ်ကြောင်း၊ ဒီပြိုင်ပွဲတွင် ဘောလုံးအားကစားနည်းကို ဝန်ထမ်းများစိတ်ပါဝင်စားကစားလာပြီး ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်းချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးတို့ကို ဦးတည်ကြောင်း။

ထို့ကြောင့် ဤဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အလားတူ ပြိုင်ပွဲကြီးကြပ်သော ဒိုင်လူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းအတိုင်း တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားအားလုံး အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြပါ၊ အားကစားသမားအချင်းချင်း ချစ်ခင်ရင်းနှီးစွာနှင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားကြပါ၊ ၎င်းကတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေး၊ အရည်အချင်း ထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားပြီး ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားသစ္စာ ဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ စနစ်တကျ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ပွဲဦးထွက် ပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေပြည်တော် အားကစားကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်းတို့၌ အုပ်စုရှစ်စုခွဲ၍ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၁ရက်မှ ဩဂုတ် ၁၈ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင် ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို စက်တင်ဘာ ၁၈ ရက်တွင်လည်းကောင်း သတ်မှတ်ထားသော အားကစားကွင်းများ၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက်တွင် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယနေ့ညနေပိုင်းတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီတွင် အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ အုပ်စု(င)မှ သာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ စတင် လယ်/ဆည်က ဘဏ္ဍာ/အခွန်ကို အနိုင်ရရှိ

နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ဘောလုံးကွင်း၌ စတင်ကျင်းပရာ (င)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို စတင်အနိုင်ရရှိသွားသည်။

လယ်/ဆည်	**၂ ဂိုး**
(ကျော်ရာဇာစိုးနှင့် ကျော်သီဟ)	
ဘဏ္ဍာ/အခွန်	**၁ ဂိုး**
(အောင်လွင်ဦး)	
ကွင်းလယ်ဒိုင်လူကြီး	**ဦးဝင်းချို**

(၁၂-၇-၂၀၀၈)

သာသနာရေးနှင့် ကျန်းမာရေး (၁၀၇)

လက်ခံရယူ

ရန်ကုန်မြို့ သုဝဏ္ဏမြို့ဦးဘုရားအနီး ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏ သယ်န်းကျွန်းမြို့နယ် စံရိပ်ငြိမ်ကျောင်းတိုက်အတွင်း ဆောက်လုပ်မည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် ကွယ်လွန်သူ ဦးမောင်ကြီးအား ရည်စူး၍ ဒေါ်အိ(ခ)ဒေါ်ရီမိသားစု သန်လျက်စွန်းလမ်း အမှတ် (၁) ရပ်ကွက် ဗိုလ်တထောင်မြို့နယ်မှ ငွေကျပ် နှစ်သိန်းလေးသောင်းကို လှူဒါန်းရာ ဆရာတော် အရှင်ဇဝန(ပဲခူး)က လက်ခံရယူစဉ်။ (က-ပ)

ဗောဓိနမ့်ဆန်ကျောင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့ရောက် တအာင်း(ပလောင်)မိသားစုများ၊ နမ့်ဆန်ဒေသသူဒေသသားများ၊ ကျောင်းဒါယကာ၊ ဒါယိကာမများစုပေါင်း၍ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၌ ဇူလိုင်၁၇ရက် (ဝါဆိုလပြည့်နေ့)တွင် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် တအာင်း(ပလောင်)ကျောင်းသူ၊ ကျောင်းသားများအား ဂုဏ်ပြုပွဲကို ကျင်းပမည်ဖြစ်၍ သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ဆက်ကပ်လှူဒါန်းနိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများစာရင်းကို ဖုန်း-၅၀၀၇၉၄သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကံမြင့်ကျောင်းတိုက် ဝါဆိုဦးတရားပွဲ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီး၌ ဝါဆိုဦးတရားပွဲကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် (ဒုတိယ) ပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ၊ ဇူလိုင် ၁၄ ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ စွန်းလွန်းဆရာတော် အရှင်သုန္ဒရ၊ ဇူလိုင် ၁၅ ရက်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၊ ဇူလိုင် ၁၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် ဇူလိုင် ၁၇ ရက်တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသတို့က ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)



Tourism အတွေးအမျှင်စများ (ဒုတိယအကြိမ်) ဆောင်းပါးပေါင်းချုပ် စာအုပ် စတင်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

ချစ်ဆွေမြင့် တွေးရေးထားသော Tourismအတွေးအမျှင်စများ(ဒုတိယအကြိမ်) ဆောင်းပါးပေါင်းချုပ် စာအုပ် **(အပေါ်ပုံ)** ကို ဆိုင်ပေါ်တင် စတင်ဖြန့်ချိနေပြီဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် Tourism အတွေးအမျှင်များတွင် ပါရှိခဲ့သော ခရီးသွားလာရေးဆိုင်ရာ ဆောင်းပါးများအပြင် Tourism ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် Tourism ဆက်စပ်မှုခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် အမျိုးသား ဝင်ငွေရရှိနိုင်မှု၊ ခရီးသွားလုပ်ငန်း အမျိုးအစားများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တွေးခေါ်မှုသဘောတရားများကို စိတ်ဝင်စားသူတို့အတွက် ခရီးသွားရာသီအနားယူချိန်တွင် အေးအေးဆေးဆေး ဖတ်ရှုစဉ်းစားရင်း အတွေးနဲ့ ဆွေးနွေးနိုင်ရန် Today စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုံရွာစီးပွားရေးတက္ကသိုလ် (၁၀)နှစ်မြောက်အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

မုံရွာစီးပွားရေးတက္ကသိုလ် (၁၀)နှစ်မြောက်အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ရက်က အဆောင်(၁) အစည်းအဝေးခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် မုံရွာစီးပွားရေး တက္ကသိုလ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ် အဆောင်(၁) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မုံရွာစီးပွားရေး တက္ကသိုလ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ပါမောက္ခချုပ် ဖုန်း-၀၇၁-၂၂၆၇၁၊ ဌာနမှူး သင်တန်းရေးရာဌာန ဖုန်း-၀၇၁-၂၃၆၅၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အရှက်ဦး၏အထူးခြေလှမ်း"တရားတော် [စတုဘုမ္မိက ဟင်္သာတဆရာတော် ဘဒ္ဒန္တပညာဒီပ]
၈း၁၀ - ၂း၁၀	အရောင်အသွေးစုံစွာ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	အစဉ်အလေးထားပေး ကျောင်းကျန်းမာရေး
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	လူတိုင်းအတွက်ရှေးဦးသူနာပြု (သွေးယိုထွက်မှုများ)
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	တောင်တန်းပေါ်က စိန်တလုံး
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ဇာကြီးပြောသော London ပုံပြင်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	Activities In The City (မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ)
၁၂း၁၀ - ၆း၁၀	Shopping Guide (GAEA)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	တီဘီရောဂါပပျောက်ဖို့ တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးနှင့် ကုသကြပါစို့ (ဒေါက်တာအောင်ကျော်လင်း၊ ဒေါက်တာကျော်မြင့်ဦး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

လှူဒါန်းပွဲသို့ မဟာဗောဓိ စာသင်တိုက် စာချနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသိရီ (ဒီဃဘာဏက)အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာဗောဓိ စာသင်တိုက် စာချနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသိရီ (ဒီဃဘာဏက) ထံမှ ညှော်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ညှော်ပရိသတ်တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသိရီ (ဒီဃဘာဏက)က အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၁၉)နှစ်မြောက် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားသည်။ ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ထံမှပေးပို့သော ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကိုကုလသမဂ္ဂခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Brian Williams က ဖတ်ကြားသည်။

ထို့နောက် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြရာ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ မင်းဇာနည်ဇော်(အမရပူရ)၊ ဒုတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် တတိယဆုရ ကျော်ကျော်ဝင်းတို့အား ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဆုများကိုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မြတ်ခြယ်(ခ)မြဉမ္မာကြွယ်၊ ဒုတိယဆုရ အလုပ်သင်ဆရာဝန် ချမ်းငြိမ်းသူနှင့် တတိယဆုရ ဒေါ်ခိုင်ခိုင်စိုးတို့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာသော်က လည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၅)တွင် ပထမဆုရ မသဇင်စိုးမြင့်၊ ဒုတိယဆုရ ဗိုလ်လောင်းဇင်ကိုကိုနှင့် တတိယဆုရ မောင်ဝင်းမြတ်သူတို့အား မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက လည်းကောင်း၊ ပိုစတာပြိုင်ပွဲအဆင့်(၄)တွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ်မှ မောင်သီဟထွန်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး အ-လ-က(၃)မှ မောင်တာယာထွန်းနှင့် တတိယဆုရ မွန်ပြည်နယ် မုဒုံ အ-ထ-က(၁)မှ မောင်ဝေညီညီတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၃)တွင် ပထမဆုရ ရန်ကုန်တိုင်း တာမွေ အ-ထ-က(၅)မှ မောင်စည်သူအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း တာမွေ အ-ထ-က(၅)မှ မောင်ကောင်းထက်ကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်း လသာ အ-ထ-က(၂)မှ မပွင့်မြတ်သူတို့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၂)တွင် ပထမဆုရ ရန်ကုန်တိုင်း ရန်ကင်း အ-လ-က(၁)မှ မခိုင်မေသူ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ရန်ကင်း အ-လ-က(၁)မှ မရွှန်းမြင့်မိုရ်ဦးနှင့် တတိယဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင် အ-ထ-က(၆)မှ မောင်သီဟသွေးတို့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၁)တွင် ပထမဆုရ ရန်ကုန်တိုင်း ရန်ကင်းအ-လက(၁)မှမောင်ကောင်းဇော်ဟိန်း ၊ ဒုတိယဆုရ ရန်ကုန်တိုင်း သဃ်န်းကျွန်း အ-မ-က(၈)မှ မအင်ကြင်းမေနှင့် တတိယဆုရ ရန်ကုန်တိုင်း ဗဟန်း အ-မ-က(၁)မှ မောင်ကျော်လင်းထက်တို့အား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပထမဆုရ တနင်္သာရီတိုင်း မြိတ်တက္ကသိုလ်မှ မဆုလဲ့ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်း မအူပင်နည်းပညာတက္ကသိုလ်မှ မသူဇာနှင့် တတိယဆုရ ကရင်ပြည်နယ် ကွန်ပျူတာတက္ကသိုလ်မှ မနန်းပွင့်ရွှေရည်ဖူး၊ အခြေခံပညာ အထက်တန်းအဆင့်တွင် ပထမဆုရ ပဲခူးတိုင်း ပဲခူး အ-ထ-က(၃)မှ မရတနာဆုရှင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဗဟန်း အ-ထ-က(၂)မှ မောင်ပိုင်စိုးစံနှင့် တတိယဆုရ စစ်ကိုင်းတိုင်း မုံရွာ အ-ထ-က(၃)မှ မမေရီဝင်းဇော်ဦး၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမဆုရ ပဲခူးတိုင်း ပဲခူး အ-ထ-က(၃)မှ မောင်မင်းသက်ပိုင်ဇင်၊ ဒုတိယဆုရ ပဲခူးတိုင်း အုတ်ဖို အ-ထ-ကမှ မခိုင်အိမ်သူနှင့် တတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး အ-ထ-က(၄)မှ မယမင်းပပလင်းတို့အား ကုလသမဂ္ဂခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Brian Williams က ဆုများကိုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုအားပေးကြပြီး ဝန်ကြီးနှင့် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များသည် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် (၁၉) နှစ်မြောက် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများမိုးလျော့နည်းနိုင်

ရန်ကုန် ဇူလိုင် ၁၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သံတွဲမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ သထုံမြို့တွင်၁ဒသမ၅၄လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် စစ်တွေမြို့တွင် ၁ ဒသမ ၃၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၁၂ရက် ညနေထိ ခန့်မှန်းချက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဇူလိုင်လ တတိယ ရက်သတ္တပတ်ကုန် ရက်များအတွင်း မိုးလေဝသ ခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	**၂၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ်**	**(၈၂ ဒီဂရီဖာရင်ဟိုက်)**	**၁၀-၇-၂၀၀၈**
အနိမ့်ဆုံးအပူချိန်	**၂၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်**	**(၇၂ ဒီဂရီဖာရင်ဟိုက်)**	**၁၁-၇-၂၀၀၈**
ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ		**၈၈ ရာခိုင်နှုန်း**	**၁၁-၇-၂၀၀၈**
နေပူသည့်နာရီပေါင်း		**မရှိပါ**	**၁၀-၇-၂၀၀၈**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၁-၇-၂၀၀၈	Tr	၂မမ(၀ဒသမ၀၈လက်မ)	၇မမ(၀ဒသမ၂၇လက်မ)
၁-၁-၂၀၀၈	၁၂၅၃မမ	၁၅၀၄မမ	၁၈၃၃ မမ
မှ ယနေ့အထိ	(၄၉ဒသမ၃၃လက်မ)	(၅၉ဒသမ၂၁လက်မ)	(၇၂ဒသမ ၁၆ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၇-၂၀၀၈ ရက် ဝဝး၃၀ နာရီတွင် အနောက်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

နာဂစ်ကို ခုတုံးမလုပ်သင့်ပါ

မောင်ဒွဲဒိုး

မောင်ဒွဲဒိုး ။ ဘကြီးဖြိုးရေ - လာပြန်ပြီဗျ နောက်တစ်မျိုး။

ဘကြီးဖြိုး ။ ဘာလဲကွ-မောင်ဒိုးရ။ လေဆင်နှာမောင်းတိုက်လို့ ဧရာဝတီတိုင်းမှာ တစ်ရွာလုံးလေထဲပါပြီး သဲတွေဖုံးသွားတဲ့အကြောင်း ကောလာဟလလား။ ပြည်သူများအတွက် ယုံကြည်စိတ်ချရတဲ့ သတင်းဌာနလို့ ကိုယ့်ကိုယ်ကိုယ် ကြွေးကြော်ထားတဲ့ သတင်းဌာနတစ်ခုက အသံလွှင့်သွားတာ ကြားပြီးပါပြီမောင်ရာ။ အစိုးရသတင်းစာတွေကတောင် လုံးဝမဟုတ်တဲ့အကြောင်း ပြန်ဖြေရှင်းထားပြီး ပြီမဟုတ်လား။

ဒိုး။ လေမုန်တိုင်းနဲ့တော့ ပတ်သက်ပါတယ်။ ဒါပေမယ့် ကျွန်တော် ပြောတာက ကောလာဟလမဟုတ်ဘူး ဘကြီးရဲ့၊ ကြေညာချက်ပါ။ NLD က ဇွန်လ ၁၈ ရက်နေ့ ရက်စွဲနဲ့ နောက်ထပ်ကြေညာချက်တစ်ခု ထုတ်လိုက်ပြန်ပြီလေ။

ဖြိုး။ ဒါများ အဆန်းလားကွာ။ သူတို့အလုပ်က ဒါပဲရှိတာပဲ။ အကြောင်းကလေးတစ်ခုခု မရှိလိုက်နဲ့ ကြေညာချက်က ထုတ်လိုက်ပြီးသားပဲ။ ယမကာလုလင်တွေ ဆင်ခြေပေးသလိုပေါ့။ ပျော်လို့သောက်၊ ပျင်းလို့သောက်၊ စိတ်ညစ်လို့သောက်၊ နေပူရင် နေပူခံကလေး၊ မိုးအေးတော့ အအေးမပတ်အောင်၊ ဆောင်းတွင်းကျတော့ အချမ်းပြေ၊ မနက်အိပ်ရာထရင် ညက များသွားလို့ ခေါင်းကိုက်ပြေအောင်၊ ညနေကျတော့ နေညိုရင် လေခိုတတ်လို့ပါ၊ ထမင်းမစားခင်တော့ စားကောင်းသောက်ကောင်းအောင် တစ်ခွက်တစ်ဖလား၊ ထမင်းစားပြီးတော့လည်း အစာပိတ်ကလေး၊ အပေါင်းအသင်းတွေစုံတော့လည်း ကြုံတုန်းဆုံတုန်းမို့၊ တစ်ယောက်ထဲကျတော့လည်း ယောင်ချာချာနဲ့ ဘာလုပ်ရမှန်းမသိလို့။ အကြောင်းမျိုးစုံနဲ့သောက်ရင်း သောက်ရင်း နောက်ဆုံးကျတော့ လက်ထဲက ပုလင်းတန်းလန်းနဲ့ ဆေးရုံရောက်သွားကြတာပဲ။ သူတို့ ကြေညာချက်တွေကလည်း ဒီလိုပါပဲ။ စုထားပြီး စက္ကူသမား၊ ပုလင်းသမားတွေဆီ ပိဿာချိန်နဲ့ ရောင်းစားရင်တောင်မှ အတော်ရလောက်ပါပြီကွာ။

ဒိုး။ ဟုတ်တော့လည်း ဟုတ်ပါတယ် ဘကြီးရယ်။ ကျွန်တော်ကတော့ သူတို့ကြေညာချက်တွေကို စောင့်ပြီးဖတ်ရတာ ရသမျိုးစုံပါလို့ ဖတ်ကြည့်နေတာပါ။ အခုထုတ်လိုက်တဲ့ ကြေညာချက်ဆိုရင် အတော်ကလေး ဟာသရသအမြောက်သားဘကြီးရဲ့။

ဖြိုး။ ဟုတ်လား၊ ဒီလိုဆိုလည်း လုပ်စမ်းပါဦးကွာ။ ငါတို့လည်း နာဂစ်မုန်တိုင်းကြောင့် စိတ်မကောင်းဖြစ်နေရတာနဲ့ မရယ်ရတာ တောင်ကြာပြီ။

ဒိုး။ ဒီလို ဘကြီးဖြိုးရဲ့။ နာဂစ်မုန်တိုင်းကြောင့် မြန်မာပြည်မှာ မကြုံစဖူးကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ခဲ့ပါတယ်တဲ့။ မြန်မာပြည်ရဲ့ စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းမှာဆိုရင် တိုင်းတစ်တိုင်းလုံးရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ၄၀ ရာခိုင်နှုန်း၊ တစ်နိုင်ငံလုံး စိုက်ပျိုးရေးကဏ္ဍရဲ့ ၂၀ ရာခိုင်နှုန်းလုံးဟာ လုံးဝပျက်စီးသွားတယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းပါတယ်တဲ့။ တိုတိုပြောရရင်တော့ ဘကြီးရယ်၊ လူတွေလည်း သိန်းနဲ့ချီပြီးသေ၊ အိုးအိမ်၊ လမ်းတံတား၊ စီးပွားရေး အခြေခံတွေလည်း ပျက်သွား၊ စီးပွားရေးလည်း အထိနာ၊ လူတွေလည်း စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေဖြစ်ခဲ့တော့ နိုင်ငံတကာအကူအညီတွေ အလုံးအရင်းနဲ့ အဆောတလျင်ရမှဖြစ်မယ်။ မြန်မာတစ်နိုင်ငံထဲတော့ ဒီကိစ္စကို ဘာမှမတတ်နိုင်ဘူး၊ မုန်တိုင်းမကျခင်ကတည်းက မြန်မာပြည်သူတွေဟာ ဆင်းရဲမွဲတေနေကြတာဖြစ်တယ်။ အခုလိုစီးပွားရေးတစ်ခုလုံး အကြီးအကျယ် ထိသွားပြီဆိုတော့ ကုန်ဈေးနှုန်းတွေကလည်းတက်၊ ငွေကြေးတွေကလည်း ဖောင်းပွလာတာမို့ နိုင်ငံရေးအရပါ မဖြေရှင်းလို့မရတော့ဘူး။ ဒါကြောင့် မြန်မြန်လွှတ်တော်ခေါ်ပြီး သူတို့ကို အာဏာအပ်ပါလို့ဆိုတဲ့ သဘောပါပဲ။

ဖြိုး။ ဟော၊ သူတို့ဟာက"လကလေးသာလိုက်တာ၊ သာတော့ဘာဖြစ်တုံး၊ လသာတော့ နင့်ကိုငါကြိုက်တာပေါ့ဟ" ဆိုတာလို မဆီမဆိုင်ကြီးပါလားဟ။ ဟေး-ဟေး။

ဒိုး။ အဲဒါကြောင့်ရယ်ရပါတယ်လို့ပြောတာပေါ့ဘကြီးရဲ့။ ကျွန်တော်က ရှေ့ပိုင်းမှာ နာဂစ်မုန်တိုင်းကြောင့် ထိခိုက်တာတွေ ရေးထားတော့ သူတို့ကိုယ်တိုင်များ လေဘေးသင့်ရွာတွေကိုသွားပြီး အိမ်တွေကူဆောက်ပေး၊ လယ်တွေကူထွန်ပေးများ လုပ်တော့မလားလို့၊ နောက်တော့လည်း ဒုံရင်းပြန်ဆိုက်ပြီး လွှတ်တော်ခေါ်ပေးဖို့၊ သူတို့ကိုအာဏာအပ်ဖို့ပဲ ပြောလာတာပါပဲ ဘကြီးရယ်။

ဖြိုး။ မိုးကလေးညို့လာပြီဆိုရင် ဒူလာပါဒရက်၊ နူနာဝဲစွဲတဲ့သူတွေ ရောဂါဟောင်း ထကြသလိုပေါ့ကွာ။ ဒီလိုအချက်ပေါ်တာနဲ့ အာဏာငန်းဖမ်းတဲ့ရောဂါမျိုးကတော့ပိုဆိုးသဟ။ မြန်မာပြည်မှာ ဒါမျိုးတွေက တယ်တော့မဆန်းလှပါဘူး။ ကမ္ဘာဆုံးတိုင် ဝန်ကြီးချုပ် လုပ်ချင်တဲ့ဘဘကြီးတုန်းကလည်း ဒီလိုပဲမဟုတ်လား။ ပြည်တွင်းညီညွတ်ရေး (၃၃)ဦး အစည်းအဝေးမှာတစ်ခါတောင်းလို့မရတော့ ပြည်ပြေးကြီးလုပ်။ မအောင်မြင်တော့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပြန်လာပြီး ငြိမ်သွားမလားမှတ်တယ်။ (၈၈)အရေးအခင်းကျတော့အကွက်ပေါ်ပြီဟဆိုပြီး လွှတ်တော်ခေါ်ဖို့၊ သူ့ကို အာဏာပြန်အပ်ဖို့ပြောပြန်တော့ လူရယ်စရာကြီး ဖြစ်သွားရတာပေါ့။

ဒိုး။ အခုလည်း ဒီလိုပါပဲလေ ဘကြီးရဲ့။ **သူတို့ပြောတာကို အနောက်တိုင်းသံတမန်တွေကတောင်မှ ' မဆီမဆိုင်-လက်ပံသားဓားနဲ့ ချိုင်' နေတာမှန်းသိလို့ သိပ်ပြီးသဘောမတွေ့ချင်ကြဘူး။ ရန်ကုန်မှာရှိတဲ့ အနောက်တိုင်းသံတမန်တစ်ဦးကဆိုရင် "NLD ဟာ လက်ရှိအခြေအနေအရ အတိတ်ရဲ့ခါးသီးမှုတွေကို မကြည့်တော့ဘဲ ပိုကောင်းမယ့် အနာဂတ်ကိုသာကြည့်သင့်တယ်"လို့ပြောတယ်ဆိုပဲ။ ဥရောပအခြေစိုက် အနောက်တိုင်းသံတမန်တစ်ဦးကလည်း "မုန်တိုင်းဒဏ်ထိတဲ့ကိစ္စအတွက် လွှတ်တော်က ဘာမှဖြေရှင်းမပေးနိုင်ဘူး၊ တာဝန်ရှိတဲ့ အစိုးရ၊ ပညာရှင်တွေ၊ အလှူရှင်တွေ၊ လုပ်အားပေးတွေကသာ ဖြေရှင်းနိုင်မှာဖြစ်တယ်"လို့ ပြောတယ်တဲ့လေ။** ကျွန်တော်လည်း သူတို့ အုပ်စုတွေထဲက ထွက်လာတဲ့စကားကိုကြားရတာပါ။ အရင်ကလည်း အလျဉ်းသင့်တိုင်း လွှတ်တော်ခေါ်ဖို့ တောင်းဆိုခဲ့တဲ့ NLD ရဲ့ အခုတစ်ခါ တောင်းဆိုမှုဟာ အချိန်အခါနဲ့ ဆီလျော်ရဲ့လားဆိုတာကိုတောင်မှ ရန်ကုန်မှာရှိတဲ့ရွေးချယ်ခံ ကိုယ်စားလှယ်တွေအကြား သဘောထားကွဲပြားနေတယ်ဆိုပဲဘကြီးရဲ့။ ရန်ကုန်မှာရှိတဲ့ နိုင်ငံရေးသမား တချို့ကလည်း ဒါဟာ ဝ မရှိဘဲ ဝိ လုပ်တာပဲလို့ ယူဆကြသတဲ့။

ဖြိုး။ အေးလေကွာ၊ စကားဆိုတာ ကာလံ၊ ဒေသံ၊ အင်္ဂါ၊ ဓနံ ဆိုတာလိုပဲ၊ အခြေအနေ အချိန်အခါ ကိုယ့်အင်အား အတိုင်းအတာကို ကြည့်ပြီး မပြောတတ်ရင် လူရယ်စရာဖြစ်တတ်တာပေါ့။

ဒိုး။ **ပြီးတော့လည်း ဘကြီးဖြိုးရယ်။ သူတို့ဟာကချဲ့ကားလွန်းပါတယ်။ ဧရာဝတီတိုင်းမှာ လေဘေးသင့်ခဲ့တာ ပြင်းထန်တာတော့ မှန်ပါတယ်။ ဒါပေမယ့် သူတို့ပြောသလို တစ်တိုင်းပြည်လုံး စီးပွားပျက်ရလောက်အောင်တော့ မဟုတ်သေးပါဘူး။ တစ်နိုင်ငံလုံး စိုက်ပျိုးရေးကဏ္ဍရဲ့ ၂၀ ရာခိုင်နှုန်း ပျက်စီးတယ်ဆိုတာလည်း တကယ်တော့မဟုတ်ပါဘူး။ သေချာကွင်းဆင်းစစ်ဆေးကြည့်တော့ ၂ ရာခိုင်နှုန်းလောက်ပဲရှိတယ်လို့ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ FAO က ကွင်းဆင်းတိုင်းတာ စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် အယ်လ်ဘတ်လိုင်းဘာ့ဂ် (Albert Lieberg) ကိုယ်တိုင်က ဇွန်လ ၁၈ ရက်နေ့ ဗန်ကောက်မှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တာပါ။**

ဖြိုး။ ဒါကတော့ ဇာတ်နာအောင်လုပ်ရတာပေါ့ကွာ။ ဒါမှလည်း ဇာတ်လိုက်က ငိုချင်းချပြီး အလွမ်းသယ်လို့ကောင်းမှာပေါ့ကွ။

ဒိုး။ ဘာပဲဖြစ်ဖြစ်ပေါ့ဘကြီးရာ။ လေမုန်တိုင်းတိုက်ခံရတာနဲ့ သူတို့ကို အာဏာအပ်ရမယ်ဆိုတာကတော့ ဘယ်လိုမှမသက်ဆိုင်တာကို အတင်းဆွဲစေ့သလို ဖြစ်မနေပေဘူးလား။ ကျွန်တော်ကြားဖူးသိဖူးသလောက်တော့ နိုင်ငံတွေမှာ အရေးပေါ်ကာလဖြစ်လာခဲ့ရင် နိုင်ငံရေးစနစ် အပြောင်းအလဲလုပ်ဖို့ နေနေသာသာ အစိုးရအပြောင်းအလဲတောင်မှ မလုပ်တော့ဘဲ သက်ဆိုင်ရာပါတီတွေ ညှိနှိုင်းပြီး အာဏာရတဲ့ပါတီက ဆက်အုပ်ချုပ်သွားတာပဲ။ ဥပမာ ဒုတိယကမ္ဘာစစ်တစ်လျှောက်လုံးမှာ ဗြိတိန်နိုင်ငံကို ကွန်ဆာဗေးတစ်ပါတီ ဝန်ကြီးချုပ် ဝင်စတန်ချာချီကပဲ အုပ်ချုပ်သွားတာ မဟုတ်လား။ အရေးပေါ် အခြေအနေအရ လိုအပ်လာရင် ဒီမိုကရေစီနိုင်ငံတွေမှာတောင်မှ အရပ်ဘက်က တာဝန်ရှိသူကို ဖယ်ရှားပြီး ထိထိရောက်ရောက် ပြတ်ပြတ်သားသား မြန်မြန်ဆန်ဆန် ကိုင်တွယ်နိုင်တဲ့ စစ်ဘက်ကအကြီးအကဲ တစ်ယောက်ယောက်ကို အခွင့်အာဏာလွှဲပေးတာမျိုးတွေရှိတာပဲ။ ၂၀၀၅ ခုနှစ်က အမေရိကန်နိုင်ငံမှာ ကက်ထရီနာ ဟာရီကိန်းမုန်တိုင်းကြီး တိုက်တုန်းကလည်း ဒီလိုပဲလေ။ ပထမစစချင်း သမ္မတဘုရှ်ကိုယ်တိုင် ပြည်ထောင်စုအရေးပေါ်ကယ်ဆယ်ရေး အာဏာပိုင်အဖွဲ့အကြီးအကဲ အရပ်သားအရာရှိကြီးကို တာဝန်ပေးစေလွှတ်ခဲ့ပေမယ့် ကိုးရက် ဆယ်ရက်လောက်ကြာတဲ့အထိ အခြေအနေကမဟန်ဘဲ လုကြ ယက်ကြ၊ သတ်ကြ ဖြတ်ကြနဲ့၊ ဒုက္ခသည်တွေကလည်း အိမ်အမိုးတွေပေါ်မှာ သောင်တင်ပြီး ကယ်မယ့်သူမရှိနဲ့ ကျော်မကောင်း ကြားမကောင်းဖြစ်လာလို့ အဲဒီအရာရှိကြီးကို ပြန်ခေါ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့က ဒုတိယဗိုလ်ချုပ်ကြီးတစ်ယောက်ကို တာဝန်လွှဲပေးလိုက်ရတယ်လေ။ အခုဟာက သူတို့ဦးဆောင်ပြီး လုပ်မှပဲ ရတော့မလိုလို ပြောနေပုံက။

ဖြိုး။ **အမှန်တကယ် လူသားချင်းစာနာထောက်ထားတတ်တဲ့ ဘယ်နိုင်ငံမျိုးကမှ ဒုက္ခဆင်းရဲခံစားခဲ့ကြရတဲ့ လေဘေးဒုက္ခသည်ထောင်ပေါင်းများစွာကို ဓားစာခံလုပ်ပြီးတော့ နိုင်ငံရေးအရ ထိန်းချုပ်ကန့်သတ်ချက်တွေနဲ့ ဖိအားပေးဖို့ လုပ်ကြမှာ မဟုတ်ပါဘူးကွာ။ ဒီကိစ္စကရှင်းရှင်းလေးပါ။ လူတွေဒုက္ခရောက်ကြတယ်။ လူလူချင်း သနားကြင်နာတတ်တဲ့ တခြားလူတွေက စေတနာသဒ္ဓါတရား အပြည့်နဲ့ကူညီကြတယ်။ ဒါဟာ ဘာနိုင်ငံရေးမှ မပါပါဘူး။ ပါစရာလည်းမလိုပါဘူး။**

ဒိုး။ **အခုဆိုရင် ကုလသမဂ္ဂကရော၊ အာဆီယံအဖွဲ့ကရော မြန်မာအစိုးရနဲ့ လက်တွဲပြီး လေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို စိတ်ရင်းစေတနာဖြူဖြူစင်စင်နဲ့ စနစ်တကျ ပူးပေါင်းဦးဆောင်လုပ်ကိုင်နေတာပဲ။ ထောက်ပံ့ကူညီချင်တဲ့ ဘယ်နိုင်ငံကမှ နောက်တွန့်စရာမရှိဘဲ စိတ်ချလက်ချ ကူညီထောက်ပံ့နိုင်တာပဲလေ။ အခုလည်း စေတနာအပြည့်နဲ့ ကူညီထောက်ပံ့တဲ့ ပစ္စည်းနဲ့ငွေကြေးတွေ ပြည်တွင်းကရော၊ ပြည်ပကရော ဝင်လာနေကြတာပဲ မဟုတ်လား ဘကြီးဖြိုးရဲ့။**

ဖြိုး။ ဒို့မြန်မာပြည်သူတွေကလည်း အဲဒီလို စေတနာသဒ္ဓါတရား အပြည့်နဲ့ ကူညီလှူဒါန်းထောက်ပံ့ကြတဲ့ အကူအညီမှန်သမျှကို လှိုက်လှိုက်လှဲလှဲ ကြည်ကြည်ဖြူဖြူ သာဓုအကြိမ်ကြိမ်ခေါ်ပြီး လက်ခံကြပြီးသားပါကွာ။ ဒါပေမယ့် ကိုယ့်ခွန်ကိုယ့်အားနဲ့ မကြိုးစားဘဲ လက်ဖြန့်ခံချင်နေတဲ့ စိတ်မျိုးတော့ မရှိရိုးအမှန်ပါပဲ မောင်ရေ။

တကယ်တော့ ဧရာဝတီမြစ်နံဘေးမှာ မွေးခဲ့ကြပြီး ဧရာဝတီက ကျွေးတဲ့ထမင်းနဲ့ သမိုင်းကြောင်းတစ်လျှောက်လုံး အသက်ရှင်သန်ကြီးပြင်းလာခဲ့ကြရတဲ့ ဒို့မြန်မာပြည်သူတွေအတွက် အမှန်တကယ်အကူအညီပေးနိုင်တာ၊ အမှန်တကယ် အားကိုးကြရမှာက-ဟောဒီဧရာဝတီမြစ်ကြီးပဲကွ၊ ဘယ်နိုင်ငံခြားမှ မဟုတ်ဘူး။

သယံဇာတကြွယ်ဝလှတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ပိုက်တစ်ဖုံ၊ လှေတစ်စင်း၊ နွားတစ်ရှဉ်း၊ ထွန်တစ်တုံးနဲ့ ဘဝကို အရှုံးမပေးတဲ့ ဇွဲသတ္တိသာရှိမယ်ဆိုရင် မကြာခင်မှာ ဒီအခက်အခဲ ဒုက္ခတွေထဲက ဒို့ဧရာဝတီသားတွေ အားမာန်အပြည့်နဲ့ ကျော်လွှားသွားနိုင်ကြမှာပါကွာ။ မပူပါနဲ့။

ပြီးတော့လည်း **နိုင်ငံတကာမိသားစုကရော၊ ပြည်တွင်းကအစိုးရနဲ့ ဒို့ပြည်သူတစ်ရပ်လုံးကရော သောင်းသောင်းဖြဖြ ညီညီညွတ်ညွတ်နဲ့ အင်တိုက်အားတိုက်ကူညီနေလိုက်ကြတာ ဒို့နိုင်ငံသမိုင်းမှာ တစ်ခါမှမကြုံဖူးလောက်အောင်ပါပဲကွာ။** ငါလို အဘိုးကြီးတောင် အသက်သာပြန်ငယ်နိုင်မယ်ဆိုရင် ခုချက်ချင်းထပြီး အပြေးသွားကူညီလိုက်ချင်သေး။ ကိုယ့်နိုင်ငံသားတွေ ဒုက္ခရောက်နေတာကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဘာမှလည်းမကူညီချင်ဘဲနဲ့ နံဘေးကနေ အာဏာကို တစာစာတောင်းနေတာကတော့ ကောင်းနိုင်ပါ့မလားကွာ။ ခများများမှာလည်း ဒီရောဂါက တယ်ဆိုးသကိုးကွ။ ဘာပဲဖြစ်ဖြစ် နာဂစ်ကိုတော့ ခုတုံးမလုပ်သင့်ကြပါဘူးလေ။ သြော်-ဒုက္ခ၊ ဒုက္ခ ။ ။

ဧရာဝတီတိုင်းမှာ လေဘေးသင့်ခဲ့တာ ပြင်းထန်တာတော့ မှန်ပါတယ်။ ဒါပေမယ့် သူတို့ပြောသလို တစ်တိုင်းပြည်လုံး စီးပွားပျက်ရလောက်အောင်တော့ မဟုတ်သေးပါဘူး။ တစ်နိုင်ငံလုံး စိုက်ပျိုးရေးကဏ္ဍရဲ့ ၂၀ ရာခိုင်နှုန်းပျက်စီးတယ်ဆိုတာလည်း တကယ်တော့မဟုတ်ပါဘူး။ သေချာကွင်းဆင်း စစ်ဆေးကြည့်တော့ ၂ ရာခိုင်နှုန်းလောက်ပဲရှိတယ်လို့ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ FAO က ကွင်းဆင်းတိုင်းတာ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် အယ်လ်ဘတ်လိုင်းဘာ့ဂ် (Albert Lieberg) ကိုယ်တိုင်က ဇွန်လ ၁၈ ရက်နေ့ ဗန်ကောက်မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တာပါ။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၀၈)ဆင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက် ပညာသင်တန်း (၁/၂၀၀၈) ဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက် ပညာသင်တန်း (၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ ဤအခြေခံစာကြည့်တိုက်ပညာ သင်တန်းကို ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း ရည်ရွယ်ချက် (၃)ရပ်မှာ-

(၁) အမျိုးသားအကျိုးစီးပွားဘက်တော်သား၊ အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများ ဖြစ်လာစေရန်၊

(၂) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊

(၃) စာကြည့်တိုက်ပညာကို တတ်ကျွမ်းနားလည်ပြီး အရည်အသွေးမြင့်မားသော စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွန်းလာစေရန် တို့ပင်ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက် (၃)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ နယ်မြေကို ပြန်ရောက်ကြသည့်အခါတွင် သင်ကြားတတ်မြောက်လာသည့် စာကြည့်တိုက်ပညာများကို လက်တွေ့အသုံးချ ကြစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ စာကြည့်တိုက်လုပ်ငန်းအပြင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဆောင်ရွက်သည့်နေရာတွင် အထောက်အကူ ရရှိလာမည်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုကြောင်း၊ အားကြိုးမာန်တက် လုပ်ဆောင်ရာတွင်လည်း မိမိတို့ကိုယ်တိုင်က ကြိုးစား၊ ဖြည့်ဆည်း၊ လေ့လာပျိုးထောင်သွားကြရန်လိုကြောင်း၊ ယင်းသို့ လုပ်ငန်းများ တိုးတက်ထိရောက် အောင်မြင်စေရန်-

(၁) Active သွက်လက်ရန်၊

(၂) Dynamic ထက်မြက်ရန်၊

(၃) Initiative ထိုးထွင်းကြံဆ ဆန်းသစ်ရန် လိုအပ်ကြောင်း။

ယနေ့ခေတ် ကမ္ဘာတစ်ဝန်းရှိ အင်အားကြီးနိုင်ငံတချို့သည် အခြားသော နိုင်ငံငယ်လေးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် မီဒီယာများဖြင့် ထိုးဖောက်ကြိုးကိုင် ခြယ်လှယ်နိုင်အောင် ကြိုးစားအားထုတ်နေကြကြောင်း၊ ယင်းကဲ့သို့ ခြယ်လှယ်မှုမခံရအောင် မိမိတို့ နိုင်ငံသားများသည် အသိပညာဗဟုသုတ ကိုယ်ခံအားကောင်းရန်လိုကြောင်း၊ ကိုယ်ခံအားကောင်းစေရေးအတွက် ခေတ်နှင့်အညီဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတ ကြိုးစားရှာဖွေ လေ့လာခြင်းဖြင့် ဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ စာပေဗဟုသုတများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်အောင် တစ်ပြည်လုံးရှိ ကျေးရွာအားလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တွင် တကယ် Function ဖြစ်အောင် လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အား(၄)အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ဖော်ဆောင်နေသော အမျိုးသားရေးတာဝန် တစ်ရပ်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဒေသအလိုက် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

အထောက်အကူပြုစွမ်းဆောင်ပေး

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် ဤသင်တန်းကို တက်ရောက်ခြင်းသည် မိမိတို့အတွက် မှတ်တိုင် တစ်ခုအနေဖြင့် ဗဟုသုတကျွမ်းကျင်မှု၊ အတွေးအခေါ်၊ စိတ်ပိုင်းဆိုင်ရာ သဘောထားအားလုံးကို အလေးအနက်ထားပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြပါ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရည်မှန်းချက် တာဝန် (၁၁)ရပ်ကို ဝန်ထမ်းများလိုက်နာရမည့် လုပ်ငန်းလမ်းညွှန် (၁၄)ချက်နှင့်အညီ ဆက်လက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စာကြည့်တိုက်ပညာဖြင့် အထောက်အကူပြု စွမ်းဆောင်ပေးကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် ပထမဆုရ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ဆွေဆွေဝင်း၊ ဒုတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရုံးမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်အိအိအောင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရုံးမှ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းမြင့်တို့အား သင်တန်းထူးချွန်ဆုများကိုလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတို့အတွက် ထောက်ပံ့ငွေများကို သင်တန်းသားခေါင်းဆောင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ပန်ဆောင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးဆောင်ကမ်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းနည်းပြများအတွက် လက်ဆောင်ပစ္စည်းများကို နည်းပြများကိုယ်စား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နည်းပြဆရာမ ဒေါ်ဝင်းလဲ့လဲ့သန်းအားလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင် ဦးဆောင်ကမ်အားလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာရဲထွန်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦး ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာအုပ်စုနှင့် ဘီတွတ်ကျေးရွာအုပ်စုများ၌ မုန်တိုင်းသင့်ပြည်သူများအား ဆေးကုသပေးခြင်း၊ ရောဂါကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

တောင်ကြီးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၀၈ ခုနှစ် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူ၊ အသင်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအားလုံး ကြွရောက်ကြပါရန်နှင့် အသက် (၇၅)နှစ်အထက် အဘိုးအဘွားများ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများနှင့် လှူဒါန်းလိုသော အလှူရှင်များ ဇူလိုင် ၂၇ရက် နောက်ဆုံးထား၍ ဖုန်း- ၆၆၂၇၃၂၊ ၆၆၄၄၀၆၊ ၅၈၀၁၄၇၊ ၃၈၁၄၃၉တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီ ရုပ်မြင်ပေါ်က ရုပ်ရှင် ''ဗီဒီယိုရှာ'' (လွင်မိုး၊ နန္ဒာလှိုင်)
- ၁:၅၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ အမျိုးသားရေး တေးကဗျာ
- ၄:၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆:၂၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ''ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း အပိုင်း(၈၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ English Usage
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ''အဖြူရောင် မြေမြင်းသမီးလေး'' (အပိုင်း-၂၉)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အတည်ပြုချိန် ၃:၃၀

လျှောက်ထား

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ပဋ္ဌမအစည်း အဝေးတွင် သာသနာရေး ဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားစဉ်။

(သတင်းစဉ်)

❁ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကာဘိဝံသက ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာများကို ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဋ္ဌမအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသံဝရကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလာသောကိစ္စရပ်များ၊ ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များ၊ ဝိနိစ္ဆယရေးရာနှင့် သာသနာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း(၇) အပိုဒ် ၅၆(ဂ)အရ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဆဋ္ဌအကြိမ် စတုတ္ထလေးလပတ် နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန် ကိစ္စများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် ပြန်လည်ရှင်းလင်း လျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ရယူကာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုလျက် ညနေ ၃ နာရီတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဋ္ဌမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဋ္ဌမအစည်းအဝေး ပထမနေ့တွင် အလှူရှင်များအဖြစ် ဦးကြည်ညွှန့် ဒုတိယဝန်ကြီး (အငြိမ်းစား)၊ ဒေါ်အေးမြင့် မိသားစု၊ လသာမြို့နယ် လသာလမ်းမှ ဦးဝင်းသင် မိသားစုနှင့် ဆရာတော် ဘဒ္ဒန္တမာနိတအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများကလည်းကောင်း၊ ဒုတိယနေ့တွင် ကွယ်လွန်သူ ဗိုလ်မှူးကြီးလှဘုန်း(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်တို့အား ရည်စူး၍ ကျန်ရစ်သူ မိသားစုများ (အနောက်မေခလမ်းသွယ်(၂) မရမ်းကုန်းမြို့နယ်)နှင့် ဒေါ်ခင်ဆွေလှိုင် မိသားစု (ကမ္ဘောဇရိပ်သာ ကုက္ကိုင်း ဗဟန်းမြို့နယ်)တို့က နေ့ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

အကောက်ခွန်ဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပွဲ တွင် အ ကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း နှင့် ဇနီး ဒေါ်သီတာလွင်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ဇနီး ဒေါ်သီတာလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရွှေဦးစွာ ဗဟန်းမြို့နယ် မင်းကွန်းတောရကျောင်းတိုက်ပဓာန မဟာနာယကဆရာတော် သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။ ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်းကွန်းတောရ ကျောင်းတိုက် ပဓာန မဟာနာယက ဆရာတော်က အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၆ ရက်တွင် ကျင်းပသော သထုံအသင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် ဆရာတော်ကြီးများအား အသင်းဥက္ကဋ္ဌ ဦးစောလွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ဆုချီးမြှင့်စဉ်။ (သမဝါယမ)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သော သဝဏ်လွှာကို ဗဟိုသမဝါယမအသင်း ဒါရိုက်တာအဖွဲ့ဝင် ဦးစောအင်ဒရူးပန်းက ဖတ်ကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက သမဝါယမ ဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် ဆဋ္ဌသင်္ဂါယနာ ပိဋကတ်ကျောက်စာတော်များ တည်ရှိရာ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ယခုနှစ် ဝါဆိုတော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးရှိသော စာချ၊ စာသင် အရှင်မြတ် ၃၀၆ ပါးတို့အား ၃၂ ဝါမြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဇူလိုင် ၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပဋ္ဌနိကာယဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ပါ၍ သင်္ကန်းဒွိစုံတစ်စုံ ငွေကျပ် ၃၀၀၀၊ ထီး၊ ဖိနပ် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၄၄၅၅၊ ၅၆၄၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိမိတို့တပည့် ရှင်ငယ် ရဟန်းငယ်များ ကိုယ်ကျင့်သိက္ခာ၌ ရှိသေလေးစားမှုရှိအောင် အမြဲမပြတ်ဆုံးမပေးကြရန် လျှောက်ထားတိုက်တွန်းပေး

ရန်ကုန် ဇူလိုင် ၁၁

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဌမအစည်းအဝေးကို ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဌမအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ပေးကာ အညီအညွတ် ကြွရောက်တော်မူလာကြသည့်အတွက်-

"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ" (ဒီ-၂-၆၅) ဟူသော ဘိက္ခုအပရိဟာနိယဓမ္မနှင့် ညီညွတ်လှပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား . . .

ဤအစည်းအဝေး၌ အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယ သောဝစဿတာသုတ်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

(အံ-၂-၄၂၀)

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ခုသော ညဉ့်သန်းခေါင်ယံအချိန်မှာ နတ်သားတစ်ယောက် လာရောက်၍ ဤသို့လျှောက်ထားပါသည်ဘုရား-

မြတ်စွာဘုရား . . .

သတ္ထုဂါရဝတာ = မြတ်စွာဘုရား၌ အလေးဂရုပြုခြင်း၊
ဓမ္မဂါရဝတာ = တရားတော်၌ အလေးဂရုပြုခြင်း၊
သံဃဂါရဝတာ = သံဃာတော်၌ အလေးဂရုပြုခြင်း၊
သိက္ခာဂါရဝတာ = အကျင့်သိက္ခာ၌ အလေးဂရုပြုခြင်း၊
သမာဓိဂါရဝတာ = သမာဓိ၌ အလေးဂရုပြုခြင်း၊
သောဝစဿတာ = ဆိုဆုံးမလွယ်ကူသူ လူလိမ္မာ၏ ယဉ်ကျေးလေးစားမှု အပြုအမူရှိခြင်း၊
ကလျာဏမိတ္တတာ = သဒ္ဓါတရားရှိသူ စသော မိတ်ဆွေကောင်းရှိခြင်း၊

ဤတရား (၇)ပါးတို့သည် ရဟန်းတော်များ၏ ရရှိပြီးဂုဏ်မှ မဆုတ်ယုတ်ရန် ဖြစ်ပါသည်ဘုရားဟု လျှောက်ထားပါသည်။

မြတ်စွာဘုရားရှင်ကလည်း သဘောတူခွင့်ပြုတော်မူပါသည် ဘုရား။

နောက်နေ့ရောက်သောအခါ မြတ်စွာဘုရားရှင်က ရဟန်းတော်တို့အား ဤအကြောင်းကို မိန့်တော်မူ၍ သတ္ထုဂါရဝတာ စသော တရားခုနစ်ပါးတို့ကို ဟောမိန့်တော်မူပါသည်။ ဤသို့ မြတ်စွာဘုရား ဟောမိန့်တော်မူလသော် အရှင်သာရိပုတ္တရာက "မြတ်စွာဘုရား. . . မြတ်စွာဘုရား ဟောမိန့်တော်မူအပ်သော သတ္ထုဂါရဝတာ စသော ဤတရားတော်တို့၏ အနက်အဓိပ္ပာယ်ကို ဤသို့ ဤပုံ တပည့်တော် အကျယ်အားဖြင့် သိပါ၏"ဟု လျှောက်ထား၍ ယင်းတရားခုနစ်ပါးတို့၏ အနက်အဓိပ္ပာယ်အကျယ်ကို ဤသို့ လျှောက်ထားပါသည်ဘုရား။

"မြတ်စွာဘုရား. . . ဤသာသနာတော်က ရဟန်းသည် မိမိကိုယ်တိုင်လည်း မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းရှိ၏။ မြတ်စွာဘုရားအပေါ်ဝယ် ရိုသေလေးစားခြင်း၌ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။

မြတ်စွာဘုရား၌ ရိုသေလေးစားခြင်း မရှိသေးသော ရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရိုသေ လေးစားခြင်းရှိအောင် ကျင့်သုံးဆောက်တည်စေ၏။

မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းရှိပြီးသော ရဟန်းတို့၏ ချီးမွမ်းဖွယ် ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း ပြောဆိုသင့်ရာအခါ၌ ပြောဆို၏" ဟု သတ္ထုဂါရဝတာ၏ အနက်အဓိပ္ပာယ်အကျယ်ကို လျှောက်ထားပါ၏။ ထို့အတူ ဓမ္မဂါရဝတာ၊ သံဃဂါရဝတာ၊ သိက္ခာဂါရဝတာ၊ သမာဓိဂါရဝတာ၊ သောဝစဿတာ၊ ကလျာဏမိတ္တတာ ဟူသော တရားခြောက်ပါးတို့၏ အနက်အဓိပ္ပာယ် အကျယ်ကိုလည်း တစ်ပါးတစ်ပါးလျှင် သုံးချက်စီ ခွဲ၍ထွင်လျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်က သာဓုခေါ်တော်မူ၍ "ငါဘုရား ဟောမိန့်အပ်သော ဤတရားတော်၏ အနက်အဓိပ္ပာယ် အကျယ်ကို ဤအတိုင်း မှတ်သားရမည်"ဟု မိန့်တော်မူပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဤလျှောက်ထားခဲ့ပြီးသော တရားခုနစ်ပါးတို့သည် ရဟန်းတော် အားလုံးတို့အတွက် ရရှိပြီးသောဂုဏ်မှ မဆုတ်ယုတ်ရန် လွန်စွာလိုအပ်လှပါသည် ဘုရား။ ဤတရား ခုနစ်ပါးတို့အနက် ဘုရား၊ တရား၊ သံဃာ၌ ရိုသေလေးစားခြင်းတို့ကို အထူးလျှောက်ထားဖို့ မလိုတော့ပါဘုရား။

စတုတ္ထဖြစ်တဲ့ သိက္ခာဂါရဝတာ၏ အရေးပါပုံကို စဉ်းစားဆင်ခြင်ကြည့်တော်မူကြပါဘုရား။ ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း မိမိတို့ကျင့်ရမည့် အကျင့်သိက္ခာ၌ မရိုသေ မလေးစားခြင်းကြောင့်သာ သာသနာတော်၌ မလိုလားအပ်သော အရေးအခင်းပြဿနာများ ပေါ်ပေါက်လာကြရပါသည်။

ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း မိမိတို့ကျင့်ရမည့် အကျင့်သိက္ခာ၌ ရိုသေလေးစားနေကြပါလျှင် သာသနာတော်၌ မလိုလားအပ်သော အရေးအခင်း ပြဿနာများ ပေါ်ပေါက်လာဖွယ် မရှိပါဘုရား။ ထို့ကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် မိမိတို့ကိုယ်တိုင်လည်း အကျင့်သိက္ခာ၌ ရိုသေလေးစားမှုရှိရမည်။ အကျင့်သိက္ခာ အပေါ်ဝယ် ရိုသေလေးစားမှု၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်း မရှိသေးသော ရဟန်းတို့ကို အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်း ရှိလာအောင်၊ ကောင်းစွာခံယူ ကျင့်သုံးအောင် တိုက်တွန်းဟောပြောပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်း ရှိပြီးသော ရဟန်းတို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း ပြောသင့်ပြောထိုက်ရာအခါ၌ ပြောဆိုပေးကြရပါမည်ဘုရား။ စာသင်တိုက် ဆရာတော်များနှင့် ကျောင်းထိုင် ဆရာတော်များအားလည်း မိမိတို့ တပည့်ရှင်ငယ် ရဟန်းငယ်များ ကိုယ်ကျင့်သိက္ခာ၌ ရိုသေလေးစားမှုရှိအောင် အမြဲမပြတ်ဆုံးမ ပေးကြပါရန် လျှောက်ထားတိုက်တွန်းပေးကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ပဥ္စမ သမာဓိဂါရဝတာ အရ သမာဓိ၌ ရိုသေလေးစားမှုရှိမှသာ လူ၊ ရှင်ရဟန်းတို့ ကြည်ညိုလေးစားထိုက်သောပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်။ သမာဓိ၌ မရိုသေ မလေးစားလျှင် လူ၊ ရှင်ရဟန်းတို့ ကြည်ညိုလေးစားကြမည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း သမာဓိရှိရှိ ကျင့်သုံးနေထိုင်ရန် လိုအပ်လှပါသည်ဘုရား။

ဆဋ္ဌ သောဝစဿတာဂုဏ်နှင့် ပြည့်စုံရန်လည်း လိုအပ်လှပါသည်။ အာစရိယ၊ အာစရိယမတ္တ ဖြစ်သော၊ အလေးဂရုပြုထိုက်သော ဆရာတော်များ ဆိုဆုံးမသောစကားကို ရိုရိုသေသေ လွယ်ကူစွာ လိုက်နာကျင့်သုံးနေကြပါလျှင် အမှားအယွင်းနည်းပါး၍ အများ၏ကြည်ညိုလေးစားမှုကို ရနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

သတ္တမ ကလျာဏမိတ္တတာဂုဏ်နှင့်လည်း ပြည့်စုံအောင် သတိပြုရမည် ဖြစ်ပါသည်။ ကလျာဏမိတ္တတာ မဖြစ်ဘဲ ပါပမိတ္တတာ ဖြစ်နေလျှင် ထိုပုဂ္ဂိုလ်အတွက် ဆုတ်ယုတ်ပျက်စီးဖို့သာ ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာပြုရာ၌ လုပ်ငန်းကိစ္စများ ချောမောအောင်မြင်အောင် အားကိုးအားထားပြုရမည့် မိတ်ကောင်းဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းရန် လိုအပ်လှပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား. . . ယခု လျှောက်ထားခဲ့ပြီးသော အကြောင်းများကြောင့် တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်တော်မူကြသော အရှင်မြတ်များရော၊ သံဃာ့အဖွဲ့အစည်းတွင် မပါဝင်ကြသော အရှင်မြတ်များ အားလုံးတို့သည် သံဃာ့အဖွဲ့အစည်းများ မဆုတ်ယုတ် မပျက်ပြားအောင်၊ သာသနာတော်ကြီး မဆုတ်ယုတ်မပျက်ပြားအောင် မြတ်စွာဘုရား ဟောမိန့်တော်မူ၍ အရှင်သာရိပုတ္တရာ အကျယ်လျှောက်ထားအပ်သော သတ္ထုဂါရဝတာ စသော တရား (၇)ပါးတို့နှင့် မိမိတို့လည်း ပြည့်စုံအောင် ကျင့်သုံးခြင်း၊ ထိုတရား (၇)ပါးတို့နှင့် ပြည့်စုံခြင်း၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုခြင်း၊ ထိုတရား (၇)ပါးတို့နှင့် မပြည့်စုံသေးသော ပုဂ္ဂိုလ်များကိုလည်း ပြည့်စုံလာအောင် ဟောပြောဆုံးမဆောက်တည်စေကြခြင်း၊ ထိုတရား (၇)ပါးတို့နှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ပြောဆိုသင့် ပြောဆိုထိုက်ရာအခါ၌ ပြောဆိုခြင်းတို့ဖြင့် သာသနာပြုတော်မူကြပါဟု တိုက်တွန်းလျက် ပဋ္ဌမသောဝစဿတာ သုတ်၌လာသော ဂါထာတို့ကို အနက်မြန်မာပြန်ဆို၍ နိဂုံးချုပ်ပါမည်ဘုရား။

သတ္ထုဂရု ဓမ္မဂရု၊ သံဃေ စ တိဗ္ဗဂါရဝေါ။
သမာဓိဂရု အာတာပီ၊ သိက္ခာယတိဗ္ဗဂါရဝေါ။
ကလျာဏမိတ္တော သုဝစော၊ သပ္ပတိဿော သဂါရဝေါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

သတ္ထုဂရု- မြတ်စွာဘုရား၌ အလေးဂရုပြုသော၊ ဓမ္မဂရု- တရားတော်၌ အလေးဂရုပြုသော၊ သံဃေစ- သံဃာတော်၌လည်း၊ တိဗ္ဗဂါရဝေါ- ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော၊ သမာဓိဂရု- သမာဓိ၌ အလေးပြုသော၊ အာတာပီ- ပြင်းထန်သော လုံ့လဝီရိယရှိသော၊ သိက္ခာယ- အကျင့်သိက္ခာ၌၊ တိဗ္ဗဂါရဝေါ- ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော၊ ကလျာဏမိတ္တော- မိတ်ကောင်းဆွေကောင်းရှိသော၊ သုဝစော- ဆိုဆုံးမလွယ်ကူသူ လူလိမ္မာ၏ ယဉ်ကျေးလေးစားမှု အပြုအမူရှိသော၊ သပ္ပတိဿော- အလေးဂရုပြုထိုက်သူတို့ကို ရိုသေတုပ်ကွ ဦးနှိမ်ချခြင်းရှိသော၊ သဂါရဝေါ- အလေးဂရုပြုထိုက်သူတို့၌ အလေးဂရုပြုခြင်းရှိသော၊ ဘိက္ခု- ရဟန်းသည်၊ ပရိဟာနာယ- ရရှိပြီးသောဂုဏ်မှ ဆုတ်ယုတ်ခြင်းငှာ၊ အဘဗ္ဗော- မထိုက်၊ နိဗ္ဗာနဿေဝ- နိဗ္ဗာန်၏သာလျှင်၊ သန္တိကေ- အနီး၌၊ စရတိ- ဘေးရန်ခပ်သိမ်း အေးငြိမ်းချမ်းသာ သွားလာလှည့်လည်ရပေသတည်းဟု ဝိနည်းမင်္ဂလာ ဒေသနာဓမ္မ ဖော်ညွှန်းပြလျက် သာရဏီယ ဩဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမ အစည်းအဝေး၌ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသမာဘိဝံသက ဖတ်ကြားတော်မူစဉ်။
(သတင်းစဉ်)

ငွေပဒေသာပင် ငွေကျပ်သိန်း ၄၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ဗုဒ္ဓဘာသာ ပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့(မြန်မာနိုင်ငံ) Buddhist Essential Support Trust (Myanmar) သည် မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၄၀ လှူဒါန်းပွဲကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကန်ရိပ်သာ အမှတ် (၅/က)ရှိ ဒုတိယဥက္ကဋ္ဌ ဒေါ်စန်းနွဲ့နေအိမ်၌ ကျင်းပသည်။

ငွေလှူဒါန်းပွဲတွင် BEST (Myanmar) အဖွဲ့အတွင်းရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး ဖိတ်ကြားထားသူများနှင့် အမှုဆောင်လူကြီးများက ပစ္ဆိမာရုံဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစိန္တိတာလင်္ကာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ငွေပဒေသာပင် ငွေကျပ်သိန်း ၄၀ ကို ဆရာတော်၏ ကပ္ပိယကာရကထံ လွှဲပြောင်းလှူဒါန်းသည်။ ဆက်လက်၍ ပစ္ဆိမာရုံဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်း

ရန်ကုန် ဇူလိုင် ၁၁

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် စိုးရိမ်ရေမှတ်အထက်၌ (၇၈) စင်တီမီတာ ၂ ဒသမ ၅ ပေခန့်ရှိနေပြီး ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၀ ဒသမ ၅ စင်တီမီတာနှုန်းဖြင့် ကျဆင်းနေရာ နောက် ၃၆ နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀စင်တီမီတာ အောက်သို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်ပိုင်းမှစ၍ကျဆင်းစပြုနေရာ နောက် ငါးရက်အတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာနှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာ အောက်သို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

မုံရွာမြို့၌ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်၌ ၉၁ စင်တီမီတာ သုံးပေခန့်ရှိနေပြီး နောက်ထပ် ၁၀ စင်တီမီတာခန့်သာ မြင့်တက်လာနိုင်ကြောင်း၊ အဆိုပါမြစ်ရေသည် ဇူလိုင် ၁၃ ရက်မှစ၍ ပြန်လည်ကျဆင်းပြီး နောက်ခြောက်ရက်အတွင်း မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာ အောက်သို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဆိုပြိုင်ပွဲ
၇း၅၀	၅။	တေးဂီတအစီအစဉ်
၈း၀၀	၆။	အသွင်သဏ္ဌာန်တောက်သည့်သဇင်တန်ပေါက်တံတား
၈း၁၅	၇။	**"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဉ္ဇလီတင့်၊ ဝွမ်းပုံ၊ ရော)**
၈း၃၀	၈။	International News
၈း၄၅	၉။	အကပြိုင်ပွဲ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀	၅။	ဂြိုဟ်တုအသုံးပြုရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် နိုင်ငံတကာကျင့်ထုံးများ
၁၂း၄၅	၆။	ထူးချွန်အားထားမြန်မာ အမျိုးသမီးများ(အပိုင်း-၁)
၁း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁း၂၅	၈။	ကဗျာပန်းဥယျာဉ်
၁း၄၀	၉။	အတီးပြိုင်ပွဲ
၁း၅၀	၁၀။	**"ငါးရစ်မျိုးငါး တို့မစား" (ရော၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညီညီစိမ့်၊ မြသက်ထား) (ဒါရိုက်တာ-ရဲဝင်းနီ)**
၂း၀၀	၁၁။	တေးဂီတအစီအစဉ်
၂း၁၀	၁၂။	မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
၂း၂၀	၁၃။	ကွန်ချောင်းရေလှောင်တမံ
၂း၃၀	၁၄။	သက်တံ့ရောင် သံစဉ်
၂း၄၅	၁၅။	International News
၃း၀၀	၁၆။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၄၅	၅။	အတီးပြိုင်ပွဲ
၅း၀၀	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	အလှရှာမယ်၊ လှကမ္ဘာဝယ်
၇း၀၀	၁၂။	ကရုဏာသံစဉ်ခရီးစဉ် ရင်မှာပီတိဂွမ်းဆီထိ (အပိုင်း-၃)
၇း၁၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးရဲ့ ချစ်ပုံပြင်" (အပိုင်း-၁၂)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၃)**
	၁၈။	အစီအစဉ်ပြီး၏။

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဘေးဒုက္ခဆိုင်ရာ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးသင်တန်းဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၁

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဘေးဒုက္ခဆိုင်ရာ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၀ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားသည်။ (အောက်ပုံ)

ထို့နောက် မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၅၀ တို့ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌အသုံးပြုရန် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ တယ်လီဗေးရှင်းဓာတ်မှန်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

အကျဉ်းဦးစီးဌာန အကြိမ်(၂၀)မြောက် မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် အင်းစိန် ဗဟို အကျဉ်းထောင်ဝင်းအတွင်းရှိ အောင်မင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်နွယ်နီစမ်း **(အပေါ်ပုံ)**၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြိမ်(၆၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ဦးအောင်မျိုးမင်းသည် **(ယာပုံ)** ဇွန်၂၇ ရက်ကအမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တွင် အကြိမ်(၆၀)မြောက် သွေးလှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ညောင်ကန်အေး ကွင်းကျောင်းသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည် ဩဝါဒခံညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ ရက်) ဩဂုတ်၉ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကပ်လှူ၍ ရေစက်ချ အမျှပေးဝေနိုင်ပြီး သင်္ကန်းဒွိစုံ ငွေကျပ် ၃၅၀၀၊ နှစ်သက်ရာ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါး စသော ပစ္စည်းလေးပါး လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့ သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုတော်မူကြမည့် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးရှိသော စာချစာသင် သံဃာတော် အပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဇူလိုင် ၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်၍ စီဝိုင်စီသင်္ကန်း တစ်စုံလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဖုန်း-၃၉၂၅၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဆေးတက္ကသိုလ်(၁)နောက်ဆုံးနှစ်အပိုင်း(က) ၁/၂၀၀၈ PSM 2nd Posting ကျောင်းသား၊ ကျောင်းသူများက ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၆ ရက်(စနေနေ့) နံနက် ၉ နာရီခွဲတွင် သီရိရတနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ညောင်တုန်းကျောင်းတိုက် သီရိမန္တစံကျောင်း၊ ရတနာ့ဗိမာန် စာသင်တိုက်၊ ကျိုက္ကစံ ပထမ ရွှေကျင်စသော ကျောင်းတိုက်ကြီး ၁၄ တိုက်မှ သံဃာတော်အရှင်သူမြတ် ၁၄ ပါးကြွရောက်တော်မူမည်ဖြစ်ရာ ကြွရောက်ကြည်ညို ပူဇော်လိုသော စေတနာရှင်များသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဝါတွင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ၁၀၈ တောင်ဘုရားဝင်း၊ ဟင်္သာတအတွင်း ပတ္တမြားစာသင်တိုက်၌ ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းဥပုသ် သီတင်းပတ်တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (ပတ္တမြား)အရှင်ပဏ္ဍိတ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)ဆရာတော်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များဟောကြား ပြသမည်ဟု သိရသည်။

(က-ပ)

ဟော့ရှော့ဇာတ်ကား သမ္မတရုံတွင်ပြသ

ရန်ကုန် ဇူလိုင် ၁၁

ယခု သောကြာပတ်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ **'ဟော့ရှော့'** မြန်မာဇာတ်ကားတစ်ကားသာ သမ္မတရုံတွင် ဆက်လက်ပြသသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင်လက်ဖြောင့်ကြေးစား သေနတ်သမားတစ်ဦး၏ ဘဝကို ဇာတ်လမ်းဆင်ထားသောHITMAN ဇာတ်ကားပြသပြီး ရှေ့ဆောင်ရုံတွင် နာမည်ကြီးသရုပ်ဆောင် ဟာရစ်ဆန်ဖို့ဒ် ပါဝင်သည့် INDIANA JONE 4 AND THE KING DOM OF THE CRYSTAL SKULL ဇာတ်ကား ပြသသည်။

နေပြည်တော်ရုံတွင် သိပ္ပံခေတ်လွန် လက်နက်ဆန်းများ အကြမ်းဖက်သမားများလက်သို့ ရောက်ရှိသွားရာမှ ပြဿနာအမျိုးမျိုး ကြုံတွေ့ရပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် IRON MAN ဇာတ်ကား ရုံဝင်သည်။

မကြာမီရုံတင်ပြသတော့မည့် ရင်ခုန်နှင်းဆီ ဇာတ်ကားသစ်မှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

အိန္ဒိယရုပ်ရှင်

သွင်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားတစ်ကားဖြစ်သည့် LOVE STORY 2050 ပြသသည်။ ဇာတ်လမ်းမှာ အနာဂတ်ကို သွားရောက်နိုင်သော အချိန်စက်ယန္တရားကို တီထွင်ခဲ့သူ သိပ္ပံပညာရှင်ကြီးတစ်ဦး၏ အနာဂတ်ကာလ၌ ကြုံတွေ့ရပုံကို လျှို့ဝှက်သည်းဖိုအဖြစ် ရိုက်ကူးထားသည့် သိပ္ပံခေတ်လွန် ဇာတ်ကားတစ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် မင်းသား ရှာရွတ်ခန်း ပါဝင်သရုပ်ဆောင်ထားသည့် ONE 2 KA 4 ဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် အင်္ဂလိပ်စာတန်းထိုး DEVDAS အိန္ဒိယဇာတ်ကား ပြသသည်။ ၎င်းဇာတ်ကားတွင်လည်း မင်းသားရှာရွတ်ခန်း ပါဝင်သရုပ်ဆောင်ထားသည်။

ရင်ခုန်နှင်းဆီ ရုံတင်မည်

ကျော်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာအောင်ဆွေ-မြန်မာရိုက်ကူးပြီး ကျော်သူ၊ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်နှင့် မြတ်ကေသီအောင်တို့ ခေါင်းဆောင်ပါဝင်သော မြန်မာဇာတ်ကားသစ် ရင်ခုန်နှင်းဆီဇာတ်ကားမှာ ယခုလအတွင်း ရုံတင်ပြသမည်ဟု သိရသည်။

(ကြေးမုံ)

ဂျီ-၈ ချမ်းသာသောနိုင်ငံများ၏ မူဝါဒကြောင့် ရေနံဈေးနှုန်းတက်ရဟု အီရန်ပြစ်တင်

တီဟီရန် ဇူလိုင် ၁၀

အီရန်နိုင်ငံ၏ ရေနံရောင်းချသောနိုင်ငံများအဖွဲ့ (အိုပက်) တာဝန်ခံက ဈေးကွက်တွင် ရေနံများ အလျှံပယ်ဖြစ်နေပြီဟု ပြောကြားပြီး ဂျီ-၈ ချမ်းသာသောနိုင်ငံများ၏ မူဝါဒကြောင့် ရေနံဈေးနှုန်းများ တက်ရခြင်းဖြစ်ကြောင်း အပြစ်တင်ပြောကြားကြောင်း ပြည်တွင်း အသံလွှင့်ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စံချိန်တင်

အိုပက်က ရေနံဈေးနှုန်းကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀ ဝန်းကျင် လျှော့ချပေးခဲ့သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ရေနံဈေးသည် ၁၄၅ ဒေါ်လာကျော် အထိစံချိန်တင်မြင့်တက်သွားခဲ့သည်။

ဂျပန်တွင် ကျင်းပသော ဂျီ-၈ ဆွေးနွေးပွဲက ရေနံ ပိုမိုထုတ်ရန် တောင်းဆိုမည်ဖြစ်သည်။ အီရန်နှင့် အခြားအိုပက်နိုင်ငံများက ရေနံစိမ်းထုတ်လုပ်မှုသည် လျှော့နည်းမှုမရှိကြောင်း၊ အရှေ့အလယ်ပိုင်း တင်းမာမှုကဲ့သို့သော အခြားအကြောင်းကိစ္စများကြောင့်သာ ရေနံဈေးတက်ရခြင်းဖြစ်ကြောင်း ၎င်းတာဝန်ခံက ပြောကြားကြသည်။

ပြည့်မီစွာ

ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံလိုအပ်ချက်ကို ပြည့်မီစွာ ထုတ်ပေးနေကြောင်း အီရန်နိုင်ငံ အိုပက်တာဝန်ခံ မိုဟာမက်အလီခါတီဘီက အလေးအနက် ပြောကြားသည်။

ယခုအချိန်တွင် အိုပက်သည် တစ်နေ့လျှင် ရေနံစည် ၁၃သနျ ၅ သန်းကျော်ထုတ်ပေးလျက်ရှိရာ ဈေးကွက်လိုအပ်ချက်ထက်ပင် ကျော်နေပြီဖြစ်ကြောင်း ခါတီဘီ၏ ပြောကြားချက်ကို ကိုးကား၍ ဝက်ဘ်ဆိုက်တွင် တင်ထားသည်။

ဂျီ-၈ နိုင်ငံများသည် ဆန့်ကျင်ဘက်မူဝါဒများကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်ဟု ခါတီဘီက အပြစ်တင်သည်။ ဥပမာ ရေနံထုတ်လုပ်သူများကို ရေနံများ ပိုမိုထုတ်လုပ်ပေးကြရန် တိုက်တွန်းပြောကြားလျက်ရှိပြီး တစ်ဖက်တွင် အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းကို ဟန့်တားသည့် အရေးယူပိတ်ဆို့ခြင်းကို ထောက်ခံနေသည်ဟု ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့တွင် ဆန့်ကျင်ဘက်အုပ်စုအချင်းချင်း တိုက်ခိုက်နေကြစဉ် သေနတ်သမားတစ်ဦး ပြေးလွှားနေသည်ကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိုလီးဗီးယား၌ ကုန်တင်ယာဉ်ချောက်ထဲထိုးကျ ၄၆ ဦး သေဆုံးပြီး ၁၁ ဦးဒဏ်ရာရ

လီမာ ဇူလိုင် ၁၀

ဘိုလီးဗီးယားနိုင်ငံ အနောက်တောင်ဘက်ရှိ ပိုတိုဆီမြို့တွင် ဇူလိုင် ၈ ရက်က မီတာ ၃၀၀ နက်သော ချောက်ကမ်းပါးတွင်းသို့ ကုန်တင်ယာဉ်တစ်စီး ထိုးကျမှုကြောင့် ၄၆ ဦးထက်မနည်း သေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ ပမ်ပလိုနာမြို့၌ ကျင်းပသည့် နွားရိုင်းလွှတ်ပွဲတော် တတိယနေ့တွင် ပါဝင်ဆင်နွှဲသူအချို့ အလဲလဲအပြိုပြို ဖြစ်နေသည်ကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုလံပစ်အားကစားပွဲ လုံခြုံရေးအတွက် လေဆိပ် ၁၉ ခု၌ အထူးစစ်ဆေးမည်

ပေကျင်း ဇူလိုင် ၁၀

အိုလံပစ်အားကစားပွဲ လုံခြုံရေးအတွက် လေဆိပ် ၁၉ ခုတွင် အထူးလုံခြုံရေး စစ်ဆေးမှုများကို စတင်ဆောင်ရွက်ရန် တရုတ်နိုင်ငံပြည်တွင်း လေကြောင်းအုပ်ချုပ်ရေးဌာန (စီအေအေစီ)က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဆောင်ရွက်

ဇူလိုင် ၂၀ ရက်မှစ၍ အထူးလုံခြုံရေးစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဟု စီအေအေစီက ထုတ်ပြန်ပြောကြားထားသော်လည်း စစ်ဆေးမှုလုပ်ငန်းများကို အသေးစိတ် မပြောကြားခဲ့ပေ။

လုံခြုံရေးအထူးကြပ်မတ်မည့် လေဆိပ် ၁၉ ခုတွင် မြို့တော်ပေကျင်းနိုင်ငံတကာလေဆိပ်၊ စင်းကျန်ယူရမ်ကျီနှင့် တိဘက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့ရှိ လေဆိပ်များ ပါဝင်သည်။ အလားတူ အိုလံပစ်ပွဲတော်ပွဲစဉ်များကျင်းပမည့် မြို့ငါးမြို့အပါအဝင် အခြားမြို့ ၁၅ မြို့ရှိ လေဆိပ်များ၌လည်း လုံခြုံရေး အထူးကြပ်မတ် စစ်ဆေးသွားမည်ဖြစ်သည်။

လေကြောင်း အုပ်ချုပ်ရေးဌာနသည် စီးနင်းလိုက်ပါလာသည့် ခရီးသည်များ၏ ဝန်စည်စလယ်များတွင် အရည်၊ မီးခြစ်နှင့် မီးလောင်စေတတ်သည့်ပစ္စည်းများ သယ်ယူခွင့်ကို ပိတ်ပင်ထားသည်။

ယခုထုတ်ပြန်ထားသည့် အထူးလုံခြုံရေးစနစ်သည် စီအေအေစီ၏ လေကြောင်းလုံခြုံရေး အထူးဆောင်ရွက်နိုင်ရန် နောက်ဆုံး ထုတ်ပြန်ထားချက်များဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါဖာစစ်သွေးကြွများ ချောင်းမြောင်းတိုက်ခိုက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ခါတွန် ဇူလိုင် ၁၀

ဒါဖာစစ်သွေးကြွများ ချောင်းမြောင်းတိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး ပူးပေါင်းတပ်ဖွဲ့ (ယူအင်န်အေအမ်အိုင်ဒီ) တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိကြောင်း ကုလသမဂ္ဂက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဇူလိုင် ၈ ရက်က ဒါဖာမြောက်ဘက်ရှိ အမ်ဟာကီဘာဒေသတွင် လက်နက်အပြည့်အစုံနှင့် စစ်သွေးကြွယာဉ် ၃၀ ခန့်က ကင်းလှည့်နေသော ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့တို့ကို တိုက်ခိုက်ခဲ့ကြောင်း ပူးပေါင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် နှစ်နာရီကြာဖြစ်ပွားပြီး လက်နက်ကြီးများ အသုံးပြုခဲ့သည်။ ပူးပေါင်းတပ်ဖွဲ့များ တာဝန်ထမ်းဆောင်သည့် ဒီဇင်ဘာ ၃၁ ရက်မှ ယခုအချိန်အထိကာလအတွင်း ယခုချုံခိုတိုက်ခိုက်မှုသည် အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၇ခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် ပြည်သူ ၉၀၀ ကျော် ထိခိုက်သေဆုံး

ကဘူး ဇူလိုင် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်း ၂၀၀၈ ခုနှစ်အတွင်း အသေခံဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ အရပ်သူ၊ အရပ်သား ၇၁၂ ဦးအပါအဝင် လူပေါင်း ၉၀၉ ဦး ထိခိုက်သေဆုံးကြသည်ဟု နေတိုးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင် ၉ ရက်တွင် ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးမှုများဖြစ်ပွားခဲ့ရာ အရပ်သူ၊ အရပ်သား ၂၂၈ဦး သေဆုံးပြီး ၄၈၄ ဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း ကဘူးဒေသရှိ နေတိုးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မက်လေတီက ပြောကြားသည်။

မြို့တော်ကဘူးတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၅၅ ဦးမှာ အတိဒုက္ခရောက်ခဲ့ကြပြီး ထိုသူများထဲတွင် အရပ်သူ၊ အရပ်သား ၂၄၆ ဦး ပါဝင်သည်။ ယင်း ၂၄၆ ဦးအနက်မှ ၅၄ ဦးမှာ သေဆုံးပြီး ၁၉၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ကဘူးမြို့ရှိ အိန္ဒိယသံရုံးတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သူ့တွင် တာဝန်ရှိသည်ကို မေးမြန်းရာ၌ စုံစမ်းစစ်ဆေးမှုများ မပြီးမီ ထင်မြင်ချက်များပေးခြင်းသည် အလွန်အန္တရာယ်ရှိနိုင်ကြောင်း အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ လေတီက ပြောကြားသည်။

နိုင်ငံရပ်ခြား မရိန်းတပ်ဖွဲ့ (အမ်အီးယူ) တပ်ရင်းကြီးအမှတ် ၂၄ မှ စစ်ဦးစီးအရာရှိ ပီတာ-ပက်ထရွန်ဇီရိုက ဇူလိုင် ၉ ရက်နေ့ သတင်းစာရှင်းလင်းပွဲ၌ တက်ရောက်ပြောကြားရာတွင် ၎င်းတို့တပ်ဖွဲ့၏ တာဝန်မှာ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းမှ တာလီဘန် စစ်သွေးကြွများအား နှိမ်နင်းသွားရန်ဖြစ်သည်ဟု ပြောကြားသွားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များမှာ အင်အား ၂၂၀၀ ရှိပြီး ၂၀၀၈ခုနှစ် ဧပြီ ၂၈ ရက်တွင် ဟယ်မန်ပြည်နယ် ဂါမဆိုင်ရာခရိုင်၌ သောင်းကျန်းသူများ နှိမ်နင်းမှု စစ်ဆင်ရေးတစ်ရပ် စတင်ခဲ့သည်။ ထိုအချိန်မှစ၍ တာလီဘန်စစ်သွေးကြွပေါင်း ၄၀၀ ခန့်ကို နှိမ်နင်းခဲ့ပြီးဖြစ်ကြောင်း ဟယ်မန်ပြည်နယ်အစိုးရအဖွဲ့၏ စာရင်းအင်းများအရသိရသည်ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျေရုဆလင်မြို့ ဘိသ်ဟာနီနာအရပ်ရှိ အစ္စရေးတို့ ကာရံထားသည့်တံတိုင်းအား ဖြိုဖျက်ပေးရန် တောင်းဆိုဆန္ဒပြနေသူ ပါလက်စတိုင်းများအား ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

နာဂစ်ကို ခုတုံးမလုပ်သင့်ပါ

"အခုဆိုရင် ကုလသမဂ္ဂရော၊ အာဆီယံအဖွဲ့ကရော မြန်မာအစိုးရနဲ့လက်တွဲပြီး လေဘေး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စိတ်ရင်းစေတနာ ဖြူဖြူစင်စင်နဲ့ စနစ်တကျ ပူးပေါင်းဦးဆောင် လုပ်ကိုင်နေတာပဲ။ ထောက်ပံ့ကူညီချင်တဲ့ ဘယ်နိုင်ငံကမှ နောက်တွန့်စရာ မရှိဘဲ စိတ်ချလက်ချ ကူညီထောက်ပံ့နိုင်တာပဲ။ အခုလည်း စေတနာ အပြည့်နဲ့ ကူညီထောက်ပံ့တဲ့ ပစ္စည်းနဲ့ ငွေကြေးတွေ ပြည်တွင်းကရော၊ ပြည်ပကရော ဝင်လာနေကြတာပဲ မဟုတ်လား"

မောင်ဒွဲ့ဒိုး၏ **"နာဂစ်ကို ခုတုံးမလုပ်သင့်ပါ"** (ဆောင်းပါး) စာမျက်နှာ-၆

လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးနှင့် ဘီတွတ်ကျေးရွာတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာရဲထွဋ်မှ ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ မုန်တိုင်းသင့်ပြည်သူများအား ဆေးကုသပေးခြင်း၊ ရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်း လုပ်ငန်းများကို လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာအုပ်စုနှင့် ဘီတွတ်ကျေးရွာအုပ်စုများ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)